ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၁ ရက်

# Covid-19 ကာလ နိုင်ငံအချို့တွင် မှုခင်းဖြစ်ပွားမှုအခြေအနေအား လေ့လာတင်ပြခြင်း

## အကျဉ်းချုပ်

COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံအသီးသီး၌ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍများတွင် စိန်ခေါ်မှုများစွာကြုံတွေ့နေရပါသည်။ ကပ်ရောဂါသည် ကမ္ဘာ့နိုင်ငံအတော်များများတွင် မှုခင်းဖြစ်ပွားမှုအခြေအနေများအပေါ်၌လည်း သက်ရောက်မှုအချို့ရှိနေပါသည်။ အကြမ်းဖက်မှု၊ Online မှ ခြိမ်းခြောက်မှုများ၊ တရားမဝင် မှောင်ခိုရောင်းဝယ်ဖောက်ကားမှုများ၊ လူနှင့်တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ ဓါးပြမှု၊ ဖောက်ထွင်းခိုးယူမှုများစသည့် မှုခင်းများအပေါ်တွင် ပိုမို၍သက်ရောက်မှုများရှိပါသည်။ ကပ်ရောဂါကြောင့် အချို့မှုခင်းများ ကျဆင်းသွားသကဲ့သို့ အချို့သောမှုခင်းများမှာ ကျူးလွန်ရန် အခွင့်အလမ်းများ ဖန်တီးပေးသကဲ့သို့ရှိနေပါသည်။ ရောဂါကာကွယ်ထိန်းချုပ်မှုအနေဖြင့် ကန့်သတ်မှုများ ချမှတ်ရသောကြောင့် စီးပွားရေး၊ လူမှုရေး ဖိအားများနှင့်အတူ စိုးရိမ်မှု၊ အကြောက်တရားများလည်း မြင့်တက်လာလျက်ရှိပြီး အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် အချို့မှုခင်းများမှာ သိသိသာသာမြင့်တက်လာလျက်ရှိပါသည်။

ဤစာတမ်းတိုတွင် ကိုဗစ်ကာလ နိုင်ငံအချို့တွင် မှုခင်းဖြစ်ပွားမှုအခြေအနေ၊ မြင့်တက်လာသော မှုခင်းအမျိုးအစားများ၊ မြန်မာနိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ၊ မှုခင်းနှိမ်နင်းရာတွင် ရင်ဆိုင်နေရသည့်အခက်အခဲများနှင့် အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ အမေရိကန်နိုင်ငံတို့၏မှုခင်းဖြစ်ပွားမှုအခြေအနေနှင့် မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်နေမှုများစသည်တို့ကို လေ့လာပြုစုတင်ပြထားပါသည်။

သုတေသနစာတမ်းတိုအမှတ်စဉ် (၁၅၅)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၁။ နိဒါန်း ........................................................................................................ ၃

၂။ ရည်ရွယ်ချက် ................................................................................................... ၃

၃။ အချက်အလက်များဖော်ပြမှုနည်းနာနိဿယများ ........................................................ ၃

၄။ ကမ္ဘာတစ်ဝှမ်းမှုခင်းဖြစ်ပွားမှုအခြေအနေ ............................................................... ၄

၅။ အိန္ဒိယနိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ ........................................................... ၄

၆။ အင်ဒိုနီးရှားနိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ..................................................... ၅

၇။ ဖိလစ်ပိုင်နိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ ........................................................ ၇

၈။ ဂျပန်နိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ ............................................................. ၈

၉။ ကနေဒါနိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ .......................................................... ၈

၁၀။ အမေရိကန်နိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ ..................................................... ၉

၁၁။ မြင့်တက်လာသော အိမ်တွင်းအကြမ်းဖက်မှု..............................................................၁၁

၁၂။ အိမ်တွင်းအကြမ်းဖက်မှုမြင့်တက်လာရသည့်အကြောင်းအရင်း.......................................၁၃

၁၃။ COVID–19 ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံ၌ အိမ်တွင်းအကြမ်းဖက်မှုအခြေအနေ ..၁၄

၁၄။ ကမ္ဘာတစ်ဝှမ်းကိုယ့်ကိုကိုယ် သေကြောင်းကြံစည်မှုအခြေအနေ......................................၁၅

၁၅။ မြန်မာနိုင်ငံတွင် COVID–19 နှင့်ဆက်နွှယ်သည့် သေကြောင်းကြံစည်မှုအခြေအနေ...........၁၇

၁၆။ မြန်မာနိုင်ငံတွင် မှုခင်းကျဆင်းရေးအတွက်ဆောင်ရွက်ချက်များနှင့် အခက်အခဲများ .........၁၈

၁၇။ လေ့လာတွေ့ရှိချက်များ ......................................................................................၂၀

၁၈။ နိဂုံး .............................................................................................................၂၁

## နိဒါန်း

၁။ Covid-19 ကပ်ရောဂါကူးစက်ပြန့်နှံ့မှုများသည် ကမ္ဘာတစ်ဝှမ်းဖြစ်ပွားလျက်ရှိသော မှုခင်းများအပေါ် သက်ရောက်မှုများစွာဖြစ်ပေါ်စေပါသည်။ ကိုဗစ်ကာလအတွင်းတွင် နိုင်ငံအချို့၌ ခိုးမှု၊ လူသတ်မှု၊ မုဒိမ်းမှု၊ ဖောက်ထွင်းမှု၊ ပြန်ပေးဆွဲမှု၊ လိင်ပိုင်းဆိုင်ရာကျူးလွန်မှု၊ လုယက်မှုစသည့် အမျိုးအစားများ ကျဆင်းလာခဲ့ပါသည်။ ၎င်းအပြင် ကပ်ရောဂါကာလအတွင်း Stay Home နှင့် semi-lockdown အမိန့်ထုတ်ပြန်ထားမှုကြောင့် အပြင်ထွက်သည့် လူဦးရေနည်းပါးလာသည့်အတွက် (Street Crime) အရေအတွက်များလည်း လျော့နည်းသွားခဲ့ပါသည်။[1] နေထိုင်မှု ပုံစံပြောင်းလဲမှုသည် အချို့သော ရာဇဝတ်မှုများ လျော့ကျစေခဲ့သော်လည်း[2] နေအိမ်အတွင်း၌ အနေကြာလာသောအခါ စိတ်ပိုင်းဆိုင်ရာထွက်ပေါက်တစ်ခုကို လမ်းလွဲရှာဖွေရာမှတဆင့် အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှုနှုန်းမှာ ပိုမိုမြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။[3]

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတိုအား ရေးသားရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) Covid-19 ကပ်ရောဂါကာလတွင် မြန်မာနိုင်ငံနှင့် နိုင်ငံအချို့တွင် မှုခင်းဖြစ်ပွားမှုအခြေအနေများအား သိရှိရန်၊

(ခ) Covid-19 ကပ်ရောဂါကာလ မြင့်တက်လာသော မှုခင်းအမျိုးအစားများအား သိရှိရန်၊

(ဂ) နိုင်ငံအချို့၏မှုခင်းကြိုတင်ကာကွယ်မှုအခြေအနေများအား လေ့လာသိရှိရန်။

## အချက်အလက်များဖော်ပြမှုနည်းနာနိဿယများ

၃။ ဤစာတမ်းတိုတွင် အသုံးပြုထားသော သတင်းအချက်အလက်များကို နေ့စဉ်ထုတ်နိုင်ငံပိုင်သတင်းစာများ၊ နိုင်ငံအလိုက် Website များ၊ ပြည်တွင်း Media Website များ (Myanmar Times၊ 7DayNews၊ Assistance Association for Political Prisoners၊ Frontier Myanmar၊, Interpol,

[1] Crime Rates in a Pandemic: the Largest Criminological Experiment in History, available from: https://tinyurl.com/yb7k6hcn ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်)

[2] Coronavirus: how crime changes during a lockdown၊ The Conversation၊ available from: https://theconversation.com/coronavirus-how-crime-changes-during-a-lockdown-134948၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၇ ရက်)

[3] ကပ်ဘေးအတွင်းက အမျိုးသမီးတို့အရေး၊ available from: https://ispmyanmarspecialseries.com/alh03/၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၉ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၇ ရက်)

MYPOL, International Labour Organization, ဂျာနယ် နှင့် ISP စသည့် အရင်းအမြစ်များမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

**ကမ္ဘာတစ်ဝှမ်းမှုခင်းဖြစ်ပွားမှုအခြေအနေ**

၄။ Covid-19 ကပ်ရောဂါကူးစက်ပြန့်နှံ့မှုကို ထိန်းချုပ်မှုအနေဖြင့် Lockdown ကာလအတွင်း နိုင်ငံအချို့၌ ရာဇဝတ်မှု၊ ပြစ်မှုကျူးလွန်မှုများ လျော့နည်းသွားခဲ့ပြီး အိမ်တွင်းအကြမ်းဖက်မှုများ ပိုမိုမြင့်တက်လာခဲ့ပါသည်။ Covid-19 ကပ်ရောဂါကာလအတွင်းတွင် နိုင်ငံအချို့၌ ကန့်သတ်ထိန်းချုပ်မှုများကြောင့် ခိုးမှု၊ လုယက်မှု၊ ဖောက်ထွင်းမှု၊ လူသတ်မှု၊ ပြန်ပေးဆွဲမှု၊ လိင်ပိုင်းဆိုင်ရာကျူးလွန်မှု၊ မုဒိမ်းမှု စသည့်အမှုများ ကျဆင်းသွားခဲ့ပါသည်။

၅။ ထို့အပြင် ကပ်ရောဂါကာလအတွင်းတွင် Stay Home နှင့် semi-lockdown အမိန့်ထုတ်ပြန်ထားမှုကြောင့် အပြင်ထွက်သည့် လူဦးရေနည်းပါးလာသည့်အတွက် (Street Crime) မှုခင်းအရေအတွက်များလည်း လျော့နည်းသွားခဲ့ပါသည်။[4] နိုင်ငံတစ်ဝှမ်း ကူးသန်းသွားလာမှု တားမြစ်ချက်များကြောင့် အိမ်ထောင်စုများအကြားခိုက်ရန်ဖြစ်ပွားမှု၊ အိမ်တွင်းအကြမ်းဖက်မှုနှုန်းသည် ယခင်ထက် ပိုမိုများပြားလာခဲ့ပါသည်။

**အိန္ဒိယနိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ**

၆။ အိန္ဒိယနိုင်ငံရှိ ပြည်နယ်အသီးသီးတွင် ကပ်ရောဂါကာလအတွင်း ကူးစက်ရောဂါ ထိန်းချုပ်ကန့်သတ်မှုအနေဖြင့် မတ်လ၊ ပထမပတ်မှစ၍ Lockdown ချမှတ်ခဲ့ပါသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းသည် လူမှုအဖွဲ့အစည်းအတွက် ကောင်းမွန်သော အကျိုးဆက်များကို ဖြစ်ပေါ်စေပါသည်။ ပိတ်ဆို့ကန့်သတ်ထားသည့် ပထမသီတင်းပတ်အတွင်း ပြည်နယ်များတွင် အိမ်တွင်းအကြမ်းဖက်မှုမှာ နှစ်ဆနီးပါး မြင့်တက်သွားခဲ့ပါသည်။

၇။ Lockdown ကာလအတွင်း မှုခင်းဖြစ်ပွားမှုမှာ ပျမ်းမျှအားဖြင့် ၄၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပြီး မှုခင်းအမျိုးအစားအလိုက် ကျဆင်းမှုအခြေအနေကို အောက်ပါအတိုင်းတွေ့မြင်နိုင်ပါသည်-

---

[4] Crime Rates in a Pandemic: the Largest Criminological Experiment in History, available from: https://tinyurl.com/yb7k6hcn
ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်)

(က) ခိုးမှု ၆၃ ရာခိုင်နှုန်း
(ခ) ဖောက်ထွင်းမှု ၄၉ ရာခိုင်နှုန်း
(ဂ) လုယက်မှု ၅၆ ရာခိုင်နှုန်း
(ဃ) လူသတ်မှု ၆၁ ရာခိုင်နှုန်း
(င) ပြန်ပေးဆွဲမှု ၈၈ ရာခိုင်နှုန်း
(စ) အဓိကရုဏ်းဖြစ်ပွားမှု ၇၇ ရာခိုင်နှုန်းစသည်တို့ဖြစ်ပါသည်။[5]

၈။ အိန္ဒိယအစိုးရအနေဖြင့် မှုခင်းများလျော့ကျသွားစေရေးအတွက် ပြည်သူများအား အွန်လိုင်းမှတစ်ဆင့် message အတုများပေးပို့ခြင်း၊ ခြိမ်းခြောက်ငွေညှစ်မှုများနှင့် လိမ်လည်မှုပြုလုပ်နေခြင်းစသည့်အမှုများကို သတိပြုရန် တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်လျက်ရှိပါသည်။[6] အချို့လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကပ်ရောဂါကာလအတွင်း အမျိုးသမီးများနှင့် ဖုန်းခေါ်ဆိုမှုများပြုလုပ်ကာ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကပ်ရောဂါကာလအတွင်း အစိုးရ၏ထောက်ပံ့မှုအခြေအနေများနှင့် ၎င်းတို့၏စိတ်ခံစားချက်များစသည်တို့ကို ပွင့်လင်းစွာထုတ်ဖော်ပြောဆိုမှုနည်းလမ်းများနှင့်လည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။[7]

## အင်ဒိုနီးရှားနိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ

၉။ အင်ဒိုနီးရှားနိုင်ငံ၊ Jakarta မြို့တွင် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွင်းက ပြစ်မှုဆိုင်ရာ အမှုပေါင်း ၄၄၂ မှု သာ ရှိခဲ့ပြီး မေလနောက်ဆုံးအပတ်အထိ ၃,၁၇၇ မှုရှိလာခဲ့ပါသည်။[8] ထို့အပြင် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၆ ရက်နေ့က မော်တော်ဆိုင်ကယ်ခိုးမှု အရေအတွက် အကြိမ် (၆၀) ဖြစ်ပွားခဲ့ပြီး ဖမ်းဆီးအရေးယူခြင်းများ ပြုလုပ်ခဲ့ပါသည်။[9] Covid-19 ကာလအတွင်းတွင် အင်ဒိုနီးရှားနိုင်ငံ၌ ခိုးမှုနှင့် လုယက်မှုများ သိသိသာသာမြင့်တက်လာခဲ့ပါသည်။ အစိုးရသည် လူဦးရေထူထပ်

[5] IDEAS FOR INDIA, Covid-19 lockdown and criminal activity: Evidence from Bihar, available from: https:// www. ideasforindia.in/topics/miscellany/covid-19-lockdown-and-criminal-activity-evidence-from-bihar.html, ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၃ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၇ ရက်)

[6] Coronavirus: Street crime, cyber fraud on the rise in India, available from: https://www.dw.com/en/india-coronavirus-crime/a-54198329 (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

[7] Addressing India's 'Shadow Pandemic of Violence Against Women and Girls, available from; https://www.pciglobal.org/addressing-indias-shadow-pandemic-of-violence-against-women-and-girls/ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

[8] Crime in Indonesia surges in late May: Police, The Jakarta Post, available from: https://www.thejakartapost.com/news/2020/06/04/crime-in-indonesia-surges-in-late-may-police.html ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်)

[9] Layoffs, crimes on the rise in Indonesia as large-scale social distancing measures take effect, The Online Citizen, available from: https://www.onlinecitizenasia.com/2020/04/24/layoffs-crimes-on-the-rise-in-indonesia-as-large-scale-social-distancing-measures-take-effect/, ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၆ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်)

သော ထောင်များ၌ COVID-19 ပြန့်ပွားမှုကိုကာကွယ်ရန် ဧပြီလ ၂၈ ရက်အထိ ပြစ်မှုကျူးလွန်သူ ၃၈၀၀၀ ခန့်အား လွှတ်ပေးခဲ့ပါသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် ရာဇဝတ်မှုကျူးလွန်သည့် အရေ အတွက်များ မြင့်တက်လာနိုင်ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့ဝင်များက စိုးရိမ်မှုများရှိခဲ့ပါသည်။[10]

၁၀။ ၎င်းအပြင် အင်ဒိုနီးရှားနိုင်ငံတွင် မတ်လ ၁၆ ရက်နေ့က စတင်ကန့်သတ်လိုက်သည့် ကူးသန်းသွားလာမှုတားမြစ်ချက်များကြောင့် အိမ်ထောင်စုများအကြားခိုက်ရန်ဖြစ်ပွားမှု၊ အိမ်တွင်း အကြမ်းဖက်မှုနှုန်းသည် ယခင်ကထက် သုံးဆ ပိုမိုများပြားလာခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၊ Jakarta မြို့တွင် အိမ်မှာနေရင်းအလုပ်လုပ်ရသောကာလအတွင်း (Work from Home) အိမ်တွင်း အကြမ်းဖက်မှုအရေအတွက်များ မြင့်တက်လာခဲ့ပါသည်။ မတ်လ ၁၆ ရက်နေ့မှ မတ်လ ၃၀ ရက် နေ့အထိ ၁၅ ရက်အတွင်း အိမ်တွင်းအကြမ်းဖက်မှု ၁၇ မှုနှင့် မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာအလွဲ သုံးစားမှုနှင့် အွန်လိုင်းမှနှောင့်ယှက်မှု စုစုပေါင်း ၄၂ မှု ဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ၊ တရားမျှတမှုဆိုင်ရာ အမျိုးသမီးအစည်းအရုံးနှင့် Jakarta ဥပဒေရေးရာ အကူအညီပေးရေးဖောင် ဒေးရှင်းမှ ပြောကြားခဲ့ပါသည်။[11]

၁၁။ ရာဇဝတ်မှုများကို ကာကွယ်ရန် အင်ဒိုနီးရှားနိုင်ငံရှိ ရဲတပ်ဖွဲ့ဝင်များသည် ဒေသခံပြည်သူ များအား အိမ်တွင်းနေထိုင်ရမည့် နည်းလမ်းများနှင့် Stay Home ကာလတွင် မိမိတို့နေအိမ် အတွင်းလုပ်ငန်းအစီအစဉ်များ ဖန်တီးနိုင်ရန် ပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိပါသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် အခြေခံလူတန်းစားများ၏လိုအပ်ချက်များကို ကူညီ ပေးနိုင်ရန် ရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အာဏာပိုင်များသည် အွန်လိုင်း နည်းပညာများကို အသုံးပြု၍ ရာဇဝတ်မှုများ ထပ်မံကျူးလွန်မှုမရှိစေရန် လမ်းညွှန်ကြီးကြပ်မှု များ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် တရားဥပဒေစိုးမိုးရေးနှင့် ရာဇဝတ်မှုတားဆီးရေးကို

[10] COVID-19: Indonesian police deny higher crime rate solely due to release of prisoners to curb outbreak, available from: https://www.channelnewsasia.com/news/asia/indonesia-covid-19-release-prisoners-higher-crime-rate-12682864 ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်)

[11] Jakarta records spike in domestic violence reports during work-from-home period, available from: https://www.thejakartapost.com/news/2020/04/07/jakarta-records-spike-in-domestic-violence-reports-during-work-from-home-period.html ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၇ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်)

မြင့်တင်နိုင်ရန် မှုခင်းဖြစ်ပွားမှုအများဆုံးနေရာများ၌ တာဝန်ထမ်းဆောင်နိုင်ရန် ရဲအရာရှိများကို ပိုမိုခန့်အပ်လျက်ရှိပါသည်။[12]

## ဖိလစ်ပိုင်နိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ

၁၂။ ဖိလစ်ပိုင်နိုင်ငံတွင် ကပ်ရောဂါထိန်းချုပ်မှုတစ်ခုအဖြစ် ၂၀၂၀ ပြည့်နှစ်၊ မတ်လ အလယ်မှ စ၍ (၈၄) ရက်ကြာ lockdown ချမှတ်ထားသည့်ကာလအတွင်း မှုခင်းဖြစ်ပွားမှုများ သိသိသာသာ ကျဆင်းသွားကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့မှ ပြောကြားခဲ့ပါသည်။ အသွားအလာကန့်သတ် ထိန်းချုပ်ထားသည့် ကာလအတွင်းတွင် အောက်ဖော်ပြပါ မှုခင်းများ လျော့ကျလာခဲ့ပါသည်။ ၎င်းတို့မှာ–[13]

| | | |
|---|---|---|
| (က) | လူသတ်မှု | ၂၈ ရာခိုင်နှုန်း၊ |
| (ခ) | မုဒိမ်းမှု | ၂၈ ရာခိုင်နှုန်း၊ |
| (ဂ) | လုယက်မှု | ၆၃ ရာခိုင်နှုန်း၊ |
| (ဃ) | ခိုးမှု | ၆၂ ရာခိုင်နှုန်း၊ |
| (င) | မော်တော်ယာဉ်ခိုးမှု | ၆၉ ရာခိုင်နှုန်း စသည့်တို့ဖြစ်ပါသည်။[14] |

၁၃။ သို့သော် ဖိလစ်ပိုင်နိုင်ငံရှိ တရားမျှတရေးဌာန၏ဖော်ပြထားချက်အရ ကလေးငယ်များ အား အွန်လိုင်းမှ လိင်အကြမ်းဖက်မှုအရေအတွက်သည် သုံးဆပိုမို များပြားလာခဲ့သည်ဟု သိရှိ ရပါသည်။ ၂၀၁၉ ခုနှစ် (မတ်လအစောပိုင်းမှစ၍ မေလကုန်အထိ) အွန်လိုင်းမှ ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှု (၇၆,၅၆၁) မှုရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အလားတူကာလများတွင် (၂၇၉,၁၆၆) မှုဖြင့် ဖြစ်ပွားမှု ပိုမိုမြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။[15]

---

[12] COVID-19: Indonesian police deny higher crime rate solely due to release of prisoners to curb outbreak, available from: https://www.channelnewsasia.com/news/asia/indonesia-covid-19-release-prisoners-higher-crime-rate-12682864 ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်)

[13] Crime rate in the Philippines dips sharply during lockdown, The Star, available from: https://www.thestar.com.my/aseanplus/aseanplus-news/2020/06/10/crime-rate-in-the-philippines-dips-sharply-during-lockdown,ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်)

[14] PH crime rate down by 49 % during 5-month lockdown, MANILA BULLETIN, available from: https://mb.com.ph/2020/08/14/ph-crime-rate-down-by-49-during-5-month-lockdown/, ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်)

[15] COVID-19 pandemic leads into rise in violence against women and girls in Asia Pacific, new report shows, available form: https://www.abc.net.au/news/2020-07-22/violence-against-women-and-girls-asia-pacific-covid-19-report/12476030 ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၂ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်)

## ဂျပန်နိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ

၁၄။ ဂျပန်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အတွင်း ဇန်နဝါရီလမှ ဇွန်လအထိ အမှုပေါင်း (၃၀၇,၆၄၄) မှု ဖြစ်ပွားခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် (၁၅.၄) ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်ဟု အမျိုးသား ရဲအေဂျင်စီမှ သိရှိရပါသည်။ Stay Home ကာလအတွင်း အိမ်တွင်းနေထိုင်မှုများကြောင့် လမ်းမပေါ်မှုခင်း (Street crimes) များ၊ ခိုးမှုများ လျော့နည်းလာပြီး ယင်းနှစ် ပထမနှစ်ဝက်အတွင်း ၂၂.၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ပါသည်။ မှုခင်းအမျိုးအစားများအလိုက် ကျဆင်းမှုနှုန်းမှာ–

| | | |
|---|---|---|
| (က) | ခိုးမှု | ၁၇.၈ ရာခိုင်နှုန်း၊ |
| (ခ) | လိင်ပိုင်းဆိုင်ရာကျူးလွန်မှု | ၁၅.၅ ရာခိုင်နှုန်း၊ |
| (ဂ) | လိမ်လည်မှု | ၉.၆ ရာခိုင်နှုန်း |
| (ဃ) | လူသတ်မှုနှင့်လုယက်မှုကျူးလွန်မှု | ၅.၂ ရာခိုင်နှုန်း၊ |
| (င) | ကိုယ်ထိလက်ရောက်ကျူးလွန်မှု | ၉.၂ရာခိုင်နှုန်းကျဆင်းသွားခဲ့ပါသည်။[16] |

၁၅။ ဂျပန်နိုင်ငံတွင် အိမ်တွင်းအကြမ်းဖက်မှုနှုန်းမှာ ရှေးနှစ်ပေါင်းများစွာကတည်းက လိုက်စား နေသော အရာတစ်ခုဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ အတွင်းက အိမ်တွင်းအကြမ်းဖက်မှု (၁၃,၀၀၀) ကျော်အထိမြင့်တက်လာခဲ့ပြီး ပိုမိုဖြစ်ပွားလာခဲ့ပါသည်။[17]

## ကနေဒါနိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ

၁၆။ ကပ်ရောဂါသည် အိမ်တွင်းအကြမ်းဖက်မှုကို ပိုမိုဆိုးရွားလာစေပြီး အဓိက ဖိအားတစ်ခု ဖြစ်ပေါ်စေပါသည်။ ကနေဒါနိုင်ငံတွင် lockdown ချမှတ်ချိန်မှစ၍ မတ်လ ၁၇ ရက်နေ့မှစတင်ပြီး အိမ်တွင်းအကြမ်းဖက်မှုနှုန်း ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါသည်။ ထို့အပြင် ကူးစက်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ လိင်ပိုင်းဆိုင်ရာချိုးဖောက်မှု၊ လုယက်မှုနှင့် ခိုးမှု

[16] Crime in Japan accelerates its decline during coronavirus pandemic, available from: https://english.kyodonews.net/news/2020/07/59c1b2b3d020-crime-in-japan-accelerates-its-decline-during-coronavirus-pandemic.html,ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၁၇ ရက်)

[17] The rise of ‘corona divorce’ amid Japan’s domestic violence shadow pandemic, available from: https://www.amnesty.org/en/latest/news/2020/08/the-rise-of-corona-divorce-amid-japans-domestic-violence-shadow-pandemic/, ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၁၇ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၁၇ ရက်)

များ လျော့နည်းသွားခဲ့ပါသည်။[18] ကနေဒါနိုင်ငံရှိ Call Center များတွင် လက်ခံရရှိသည့် ဖုန်းခေါ်ဆိုမှုများအရ အမျိုးသမီးအများစုသည် အိမ်တွင်းအကြမ်းဖက်ခံရမှုဒဏ်ကို ခံစားနေကြရပါသည်။[19]

၁၇။ COVID-19 ကပ်ရောဂါကာလသည် အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်နိုင်ခြေ ပိုမိုဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် အမျိုးသမီးများနှင့် ကျား၊ မရေးရာ တန်းတူညီမျှမှုဝန်ကြီး Maryam Monsef က ကုလသမဂ္ဂအနေဖြင့် ထိုကဲ့သို့ မြင့်တက်လာမှုကို ရပ်တန့်ရန် ကမ္ဘာလုံးဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်လည်း တောင်းဆိုခဲ့ပါသည်။ ထို့အပြင် အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပွားသော အချို့ဒေသများတွင် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် ပြည်နယ်အမတ်များနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိပါသည်။ အချို့သောနေရာများတွင် Call Center များကို ၄၀၀ ခုအထိ တိုးမြှင့်ဖွင့်လှစ်လျက်ရှိပါသည်။ အစိုးရအနေနှင့် ကပ်ရောဂါကာလအတွင်း အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာစော်ကားမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အကူအညီပေးရန် ဒေါ်လာ (၅) သန်း ထောက်ပံ့မည်ဟု ကတိပြုထားပါသည်။[20]

## အမေရိကန်နိုင်ငံတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ


၁၈။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်နေ့တွင် ထုတ်ပြန်ထားသော USA Today အစီရင်ခံစာအရ အမေရိကန်နိုင်ငံတွင် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှစ၍ မှုခင်းဖြစ်ပွားမှုနှုန်း များပြားခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ အလားတူကာလများတွင် မှုခင်းဖြစ်ပွားမှုများ လျော့နည်းသွားခဲ့သည်ကို တစ်ဖက်ပါဖော်ပြပါဂရပ်တွင် တွေ့မြင်နိုင်ပါသည်-[21]

[18] 20 per cent drop in reported crimes during COVID-19 pandemic: Ottawa Police, available from: https://ottawa.ctvnews.ca/20-per-cent-drop-in-reported-crimes-during-covid-19-pandemic-ottawa-police-1.4914165 ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃ ရက်)

[19] Minister says COVID-19 is empowering domestic violence abusers as rates rise in parts of Canada, available from: https://www.cbc.ca/news/politics/domestic-violence-rates-rising-due-to-covid19-1.5545851၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃ ရက်)

[20] Minister says COVID-19 is empowering domestic violence abusers as rates rise in parts of Canada, available from: https://www.cbc.ca/news/politics/domestic-violence-rates-rising-due-to-covid19-1.5545851 ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃ ရက်)

[21] Crime rates plummet amid the coronavirus pandemic, but not everyone is safer in their home, available from: https://tinyurl.com/y5mj78kv ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်)




အရင်းအမြစ်။ Police 1 by LEXIPOL

၁၉။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် (မတ်လ ၁၅ ရက်မှ ဧပြီလ ၃၀ ရက်) နေ့အထိ တူညီသော ကာလအတွင်းဖြစ်ပွားခဲ့သော မှုခင်းအခြေအနေများကို နှိုင်းယှဉ်ကြည့်ပါက–

(က) ၂၀၂၀ ပြည့်နှစ် (ဇန်နဝါရီလမှ ဧပြီလ) အထိ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ ယာဉ်တိုက်မှု၊ ခိုးမှု၊ အရက်သေစာသောက်စားမောင်းနှင်မှုအရေအတွက်သည် လျော့နည်းလာခဲ့ပါသည်။

(ခ) သို့သော် Covid ကာလအတွင်းတွင် ခြိမ်းခြောက်၍ ကိုယ်ထိလက်ရောက် ကျူးလွန်မှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ လက်နက်ကိုင်ဆောင်မှု၊ ဖောက်ထွင်းမှုများသည် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။[22]

၂၀။ အမေရိကန်နိုင်ငံရှိ အချို့ရဲဌာနများသည် Coronavirus ကူးစက်မှုကို တားဆီးနိုင်ရန် ဖမ်းဆီးမှုများ ပြုလုပ်ခြင်းထက် ပြဿနာများကို အခြားနည်းလမ်းများဖြင့် ကိုင်တွယ်ဆောင်ရွက်

[22] The staggering impact of COVID-19 on the American justice system, available from: https://www.policeone.com/ coronavirus-covid-19/articles/the-staggering-impact-of-covid-19-on-the-american-justice-system-VV43zOuq6PwNuMK6/ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ် မေလ ၈ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၀ ရက်)

လျက်ရှိပါသည်။[23] ကပ်ရောဂါထိန်းချုပ်မှုတစ်ခုအနေဖြင့်လည်း အကျဉ်းထောင်များအတွင်း အကျဉ်းသားဦးရေ လျှော့ချရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ကပ်ရောဂါကာလအတွင်း မှုခင်းကျဆင်းမှုများရှိနေသော်လည်း အိမ်တွင်းအကြမ်းဖက်မှုနှုန်းမှာ မြင့်တက်လာလျက်ရှိပါသည်။ သို့ဖြစ်ပါ၍နိုင်ငံတော်အစိုးရအနေနှင့် ရဲတပ်ဖွဲ့ဝင်များအား အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနိုင်ခြေရှိသော လက္ခဏာများကို ကြိုတင်သိရှိစေပြီး ဖြေရှင်းဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားပေးမှုများ ပြုလုပ်လျက်ရှိပါသည်။ ၎င်းအပြင် Hotline နံပါတ်များအား အများပြည်သူသိရှိစေရန် ဒေသခံဝန်ဆောင်မှုပေးသူများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။[24]

## မြင့်တက်လာသော အိမ်တွင်းအကြမ်းဖက်မှု

၂၁။ Covid-19 ဗိုင်းရပ်စ်ကပ်ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရေးအတွက် လူစုလူဝေး ပြုလုပ်ခြင်းများ ရှောင်ရှားရန်နှင့် မိမိတို့နေအိမ်အတွင်းသာ နေထိုင်ကြရသည့်အတွက် နောက်ဆက်တွဲအနေနှင့် အိမ်တွင်းအကြမ်းဖက်မှုများ၊ ခိုက်ရန်ဖြစ်ပွားမှု၊ အကြမ်းဖက်မှုအရေအတွက်များလည်း မြင့်တက်လာခဲ့ပါသည်။[25] အိမ်တွင်းအကြမ်းဖက်မှုတွင် ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် စိတ်ခံစားချက်ပိုင်း၊ လိင်ပိုင်းနှင့်စီးပွားရေးပိုင်းဆိုင်ရာ နှောင့်ယှက်အကြမ်းဖက်မှု ပုံစံများအားလုံးပါဝင်ပါသည်။[26]

၂၂။ မည်သူမဆို အကြမ်းဖက်ခံရနိုင်ဖွယ်ရှိပြီး အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ ဉာဏ်ရည်မပြည့်သူများ၊ ယာယီနေထိုင်ခွင့်နှင့် မှီခိုနေရသည့်သူများမှာ ပိုမိုအကြမ်းဖက်ခံနေရပါသည်။ အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပွားရခြင်းမှာ တန်းတူ

---

[23] Crime rates plummet amid the coronavirus pandemic, but not everyone is safer in their home, available from: https://www.usatoday .com/story/news/investigations/2020/04/04/coronavirus-crime-rates-drop-and-domestic-violence-spikes/2939120001/ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်၊)

[24] Policing During the Coronavirus Pandemic, Center for American Progress, available form: https://www.americanprogress.org/issues/criminal-justice/news/2020/04/14/483165/policing-coronavirus-pandemic/, ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၄ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

[25] ရီလွင်၊ Covid-19 ကြောင့် အိမ်တွင်းအောင်းနေရချိန် လင်မယားခိုက်ရန်မဖြစ်ဖို့ ကုလမေတ္တာရပ်ခံ၊ မြန်မာတိုင်းမ်၊ available from: https://myanmar.mmtimes.com/news/138111.html, ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၈ ရက် (ကြည့်ရှုသည့်ရက် ဧပြီလ ၂၁ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[26] International Labour Organization, ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများကို လုပ်ပိုင်ခွင့် ပေးအပ်ခြင်း available from: https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/---ilo-yangon/documents/publication/ wcms649233.pdf, ထုတ်ဝေသည့်ရက် ၂၀၁၇ ခုနှစ် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်)

အခွင့်အရေး မရရှိခြင်း၊ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရေးမပြေပြစ်မှု (ဇနီးနှင့် ခင်ပွန်းအကြား၊ ရင်နှီးသည့် လက်တွဲဖော်ကြား၊ အခြားမိသားစုကြား) စသည့်အရာများကြောင့် ဖြစ်ပါသည်။[27]

၂၃။ တစ်ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာအနေနှင့် ကပ်ရောဂါကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်လာနေသည်ဟု ကမ္ဘာ့ကုလသမဂ္ဂ၏စာရင်းများအရ သိရှိရပါသည်။[28] United Nations Population Fund– UNFPA ၏ခန့်မှန်းချက်အရ Stay Home (၃) လကြာ နေထိုင်ရမည်ဆိုပါက အိမ်တွင်းအကြမ်းဖက်ခံရသူဦးရေ ပျမ်းမျှ (၁၅) သန်း၊ (၆) လ ထပ်မံနေထိုင်ရပါက ပျမ်းမျှ (၃၁) သန်း၊ (၉) လ ထပ်မံနေထိုင်ရပါက (၄၅) သန်းထိမြင့် တက်လာနိုင်ပြီး Lockdown ကာလအတွင်း (၁) နှစ် နေထိုင်ရပါက (၆၁) သန်းထိ ဖြစ်ပွားနိုင်ခြေရှိပါသည်။[29]

၂၄။ နယူးယောက်ရဲတပ်ဖွဲ့၏ အစီရင်ခံစာအရ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း အခြားရာဇဝတ်မှုများသည် ၁၃ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့သော်လည်း[30] အိမ်တွင်း အကြမ်းဖက်မှုခင်းများမှာ ပိုမိုများပြားလာခဲ့ကြောင်း သိရှိရပါသည်။[31] နိုင်ငံအလိုက် ကန့်သတ်ထိန်း ချုပ်ထားသည့်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှုအရေအတွက် မြင့်တက်လာမှုများကို အောက်ဖော်ပြပါဇယားတွင် တွေ့မြင်နိုင်ပါသည်–

| စဉ် | နိုင်ငံ | မြင့်တက်လာမှုအခြေအနေ |
|---|---|---|
| (က) | အိန္ဒိယ | (၉၄) ရာခိုင်နှုန်း[32] |
| (ခ) | ပြင်သစ် | ပထမသီတင်းပတ်တွင် (၃၀) ရာခိုင်နှုန်း[33] |
| (ဂ) | ဘရာဇီး | (၄၀) ရာခိုင်နှုန်းမှ (၅၀) ရာခိုင်နှုန်း |

[27] ကိုဗစ်–၁၉ ကာလ အိမ်တွင်း၊ မိသားစုအတွင်းအကြမ်းဖက်မှု၊ available from: https://www.sbs.com.au/language/burmese/audio/ms–naw–hlar–phaw–talks–about–domestic–family–violence–and–covid–19 (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်)

[28] 7DayNews,ကပ်ရောဂါ နှစ်ဆ၊ availablefrom: https://tinyurl.com/y6sy4jca ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်)

29 UNFPA, Impact of the COVID–19 Pandemic on Family Planning and Ending Gender–based Violence, Female Genital Mutilation and Child Marriage, available from https://www.unfpa.org/sites/default/files/resource–pdf/COVID–19_impact_brief_for_UNFPA_24_April_2020_1.pdf , ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်)

[30] National Post, Crime in a time of COVID–19: How the pandemic is changing criminality in our neighbourhoods, available from: https://nationalpost.com/news/crime–in–a–time–of–covid–19–how–the–pandemic–is–changing–criminality–in–our–neighbourhoods၊ ၂၀၂၀ ပြည့်နှစ် (ကြည့်ရှုသည့်ရက် မတ်လ ၅ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[31] Ibid

32 COVID–19: India’s Response to Domestic Violence Needs Rethinking, SSRN, available from: https://papers.ssrn.com/sol3/papers.cfm?abstract_id=3598999, ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)

[33] An increasing risk of family violence during the Covid–19 pandemci: Strengthening community collaborations to save lives: available from:https://www.ncbi.nlm.nih.gov/pmc/articles/PMC7152912/, ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၂ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်)

| စဉ် | နိုင်ငံ | မြင့်တက်လာမှုအခြေအနေ |
|---|---|---|
| (ဃ) | အင်ဒိုနီးရှား | (၅၀) ရာခိုင်နှုန်း [34] |
| (င) | စင်ကာပူ | (၃၃) ရာခိုင်နှုန်း[35] |
| (စ) | တောင်အာဖရိက | တိုင်ကြားမှုပေါင်း (၉၀,၀၀၀) နီးပါးရှိလာ |
| (ဆ) | ဩစတြေးလျ | (၇၅) ရာခိုင်နှုန်း |
| (ဇ) | ချီလီ | (၇၅) ရာခိုင်နှုန်း |
| (ဈ) | အာဂျင်တီးနား | (၆၀) ရာခိုင်နှုန်း |
| (ည) | ဂျပန် | အမှုပေါင်း (၁၃,၀၀၀) ကျော်ထိဖြစ်ပွားလာ |
| (ဋ) | ကနေဒါ | ၃၀ ရာခိုင်နှုန်း |

## အိမ်တွင်းအကြမ်းဖက်မှုမြင့်တက်လာရသည့်အကြောင်းအရင်း

၂၅။ Covid-19 ကပ်ရောဂါကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်လာသည်နှင့်အမျှ အိမ်တွင်းအကြမ်းဖက်မှုများလည်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ မြင့်တက်လာနေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောဆိုထားပါသည်။ Covid ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှုများမြင့်တက်လာရခြင်း၏ အဓိကအကြောင်းအရင်းများမှာ-

(က) Stay Home ကာလကို ကြာရှည်စွာ နေထိုင်ရခြင်း၊

(ခ) အလုပ်လက်မဲ့နှုန်းများ မြင့်တက်လာပြီး စီးပွားရေးအဆင်မပြေမှုများရှိလာခြင်း၊

(ဂ) ယခင်အခြေအနေများနှင့်မတူပဲ တစ်အိမ်တည်း မိသားစုဝင်များ စုပြုံနေထိုင်ရခြင်း၊

(ဃ) နေအိမ်တွင်းမှာသာ အနေကြာ၍ ဖြစ်ပေါ်လာရသော စိတ်ပိုင်းဆိုင်ရာ ထွက်ပေါက်ကို လမ်းလွှဲရှာဖွေရာမှတဆင့် မိမိ၏အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပြုမူခြင်း၊

34 Indonesia's rise in domestic violence during the COVID-19 pandemic: why it happens and how to seek help available from: https://theconversation.com/indonesias-rise-in-domestic-violence-during-the-covid-19-pandemic-why-it-happens-and-how-to-seek-help-142032 ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၆ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)

35 ရီလွင်၊ Covid-19 ကြောင့် အိမ်တွင်းအောင်းနေရချိန် လင်မယားခိုက်ရန်မဖြစ်ဖို့ ကုလမေတ္တာရပ်ခံ၊ မြန်မာတိုင်းမ်၊ available from: https://myanmar.mmtimes.com/news/138111.html၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၁ ရက်)

(c) စိတ်ဖိစီးမှုများ မြင့်တက်လာခြင်းနှင့် အလုပ်အကိုင် မတည်မြဲမှုများရှိလာပြီး စိုးရိမ်စိတ်များရှိလာခြင်းနှင့်အတူ စိတ်ထွက်ပေါက်တစ်ခုအနေဖြင့် အတူနေမိသားစု၊ အင်အားနည်းသူများအပေါ် ရန်မူသည့် သက်ရောက်မှုများရှိလာခြင်းသည် အိမ်တွင်း အကြမ်းဖက်မှုများကို တွန်းအားပေးနေသည့် အရာများပင် ဖြစ်ပါသည်။[36]

၂၆။ အိမ်တွင်းအကြမ်းဖက်ခံရခြင်း၏ ဆိုးရွားသည့်ရိုက်ခတ်မှုများကြောင့် နောက်ဆက်တွဲအနေဖြင့် စိတ်ဝေဒနာခံစားရခြင်း၊ စိတ်ဖိစီးမှုကြောင့် စိတ်ဖြေပျောက်ရန် အရက်သောက်ခြင်း၊ ပိတ်ပင်ထားသည့် ဆေးဝါးများသောက်သုံးခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သည့် အရာများပြုမူခြင်း၊ မိမိအနေနှင့် အကြမ်းဖက်ခံထားရသောကြောင့် မိမိ၏သားသမီးများကိုလည်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နာကျင်အောင် လုပ်မိသကဲ့သို့ဖြစ်သွားကြပြီး ကလေးများတွင်လည်း စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာရရှိသွားပြီး ရန်လိုတတ်ခြင်း၊ စိုးရိမ်ကြောင့်ကြခြင်း၊ ကြောက်စိတ်များ ကိန်းအောင်းနေခြင်း၊ ပေါင်းသင်းဆက်ဆံရေးခက်ခဲသွားစေခြင်း၊ အပေါင်းအသင်းများကြား မကြာခဏ ပဋိပက္ခ ဖြစ်ခြင်းစသည့်အရာများ ဖြစ်စေနိုင်ပါသည်။ [37]

**COVID-19 ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံ၌ အိမ်တွင်းအကြမ်းဖက်မှုအခြေအနေ**

၂၇။ ကပ်ဘေးကာလအတွင်း နိုင်ငံတစ်ချို့၌ အိမ်တွင်းအကြမ်းဖက်မှုများ သာမန်အချိန်ထက် ပိုမို များပြားလာသကဲ့သို့ မြန်မာနိုင်ငံ၌လည်း များပြားလာသည်ကိုတွေ့ရှိရကြောင်း လူမှုကူညီရေးအဖွဲ့တချို့က ပြောကြားထားပါသည်။ ၎င်းအဖွဲ့အစည်းများသို့ တိုင်ကြားလာသည့် အမှုများမှာ ယခင်ထက် ၂ ဆ သို့မဟုတ် ၃ ဆ မြင့်တက်လာခဲ့ပါသည်။ အိမ်တွင်းအကြမ်းဖက်မှုသည် ရှေးနှစ်ပေါင်းများစွာကတည်းကရှိနေပြီး လှိုက်စားနေသည့် ရောဂါဆိုးသဖွယ်ဖြစ်နေသည့် အမှုအမျိုးအစားတစ်ခုဖြစ်ပါသည်။[38] ရန်ကုန်တိုင်းဒေသကြီးအတွင်း မတ်လ ၂၃ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ (၉) ရက်တာအတွင်း အိမ်တွင်းအကြမ်းဖက်မှုပေါင်း ၁၅ မှုဖြစ်ပွားခဲ့ပါသည်။[39]

---

[36] 7DayNews,ကပ်ရောဂါ နှစ်ဆ၊ availablefrom: https://tinyurl.com/y6sy4jca ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်)

[37] ကိုဗစ်-၁၉ ကာလ အိမ်တွင်း၊ မိသားစုအတွင်းအကြမ်းဖက်မှု၊ available from: https://www.sbs.com.au/language/burmese/ audio/ms-naw-hlar-phaw-talks-about-domestic-family-violence-and-covid-19 (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၁၉ ရက်)

[38] ကပ်ဘေးကာလ အိမ်တွင်းအကြမ်းဖက်မှု ပိုများနိုင်ကြောင်း အဖွဲ့တချို့ သတိပေး၊ available from: https://tinyurl.com/y4fsnm7d, ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၂၄ ရက်)

[39] ကိုဗစ်ကာလအတွင်း Hotline ကတစ်ဆင့် အိမ်တွင်းအကြမ်းဖက်မှုအတွက် အကူညီတောင်းခံမှု ပိုမိုများပြားလာ၊ available from: https://tinyurl.com/y2wq83x9 ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၆ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၂၄ ရက်)

သို့သော်လည်း မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေနှင့် တိကျသည့်စာရင်းများကို မသိရှိရသေးသော်လည်း အမျိုးသမီးများကို အကူအညီပေးနေသည့် အဖွဲ့အစည်းများ၊ Call Center များကို ဆက်သွယ်လာသည့် အရေအတွက်များမှာ Covid ကာလအတွင်း ပိုမိုများပြားလာခဲ့ပါသည်။[40] ၎င်းအဖွဲ့အစည်းများ၏စစ်တမ်းများအရ မတ်လနှင့်ဧပြီလတွင် ၃၀ရာခိုင်နှုန်းကျော် မြင့်တတ်လာခဲ့ရာမှ မေလ နောက်ဆုံးအပတ်တွင် ၅၀ရာခိုင်နှုန်းကျော်အထိ ပိုမိုမြင့်တက်လာခဲ့သောကြောင့် ကိုဗစ်ကာလအတွင်းတွင် အိမ်တွင်းအကြမ်းဖက်မှု ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ခန့်မှန်းထားကြပါသည်။[41]

၂၈။ ၎င်းအပြင် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် COVID–19 နှင့်စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၏ ဒေသန္တရအမိန့်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေများကို ချိုးဖောက်သည့်အမှုများ၊ ထိန်းချုပ်ကာကွယ်ရေး ဆောင်ရွက်နေသည့်တာဝန်ရှိသူများကို ကိုယ်ထိလက်ရောက်ကျူးလွန်ရာမှ လူသတ်မှု၊ နာကျင်စေမှု၊ အွန်လိုင်းမှခြိမ်းခြောက်မှုနှင့် လိမ်လည်မှုစသည့်အမှုများဖြစ်ပွားခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။[42]

## ကမ္ဘာတစ်ဝှမ်းကိုယ့်ကိုကိုယ် သေကြောင်းကြံစည်မှုအခြေအနေ

၂၉။ လေ့လာမှုများအရ Covid–19 ကူးစက်ရောဂါကြောင့် လူများအကြား စိုးရိမ်ပူပန်ခြင်း၊ စိတ်သောကရောက်ခြင်း၊စိတ်ဓါတ်ကျခြင်းနှင့် အိမ်မပျော်ခြင်းတို့ဖြစ်ပေါ်စေပြီး နောက်ဆက်တွဲအနေနှင့် ကိုယ့်ကိုယ်ကို သတ်သေခြင်းများကိုပါ ဖြစ်ပေါ်စေပါသည်။ ထို့အပြင် ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလတွင်သာမက ဖြစ်ပွားပြီးနောက်ပိုင်းတွင်လည်း မိမိကိုယ်ကိုယ် သတ်သေမှုနှုန်းသည် ပိုမိုမြင့်တက်လာနိုင်ခြေရှိပါသည်။

၃၀။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ခန့်မှန်းချက်အရ နှစ်စဉ်နှစ်တိုင်း လူတစ်သန်းခန့်သည် မိမိကိုယ်မိမိ သတ်သေမှုကြောင့်သေဆုံးကြရပါသည်။ မိမိကိုယ်ကိုသေကြောင်းကြံစည်သည့်

---

[40] 7DayNews,ကပ်ရောဂါ နှစ်ဆ၊ availablefrom: https://tinyurl.com/y6sy4jca ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်)

[41] ကိုဗစ်ကာလမှာ သိသိသာသာမြင့်တက်လာတဲ့ အိမ်တွင်းအကြမ်းဖက်မှုများ၊ available from: www.channelkmyanmar.com (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်)

[42] Covid–19 ကာလအတွင်း နယ်မြေလုံခြုံရေးအတွက် ပူးပေါင်းအဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေ၊ available from: https://lotaya.mpt.com.mm/news/d/regional/109653၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၀ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်)


အရေအတွက်သည် သတ်သေမှုထက် အဆ ၂၀ ပိုများနေပါသည်။ တွေ့ရှိချက်များအရ ဥရောပတိုက်သည် မိမိကိုယ်ကိုသတ်သေမှုနှုန်း (Suicide) အမြင့်ဆုံးဖြစ်နေပါသည်။[43] ၂၀၂၀ ပြည့်နှစ်အတွင်း မိမိကိုယ်ကို သတ်သေမှုအများဆုံးနိုင်ငံများစာရင်းကို အောက်ပါအတိုင်းတွေ့မြင်နိုင်ပါသည်–


| Suicide Rank | Country | Total Suicide Rate |
|---|---|---|
| ၁။ | Lithuania | ၃၁.၉ |
| ၂။ | ရုရှား (Russia) | ၃၁ |
| ၃။ | Guyana | ၂၉.၂ |
| ၄။ | တောင်ကိုရီးယား (South Korea) | ၂၆.၉ |
| ၅။ | ဘယ်လာရုစ် (Belarus) | ၂၆.၂ |
| ၆။ | Suriname | ၂၂.၈ |
| ၇။ | ကာဇက်စတန် (Kazakhstan) | ၂၂.၅ |
| ၈။ | ယူကရိန်း (Ukraine) | ၂၂.၄ |
| ၉။ | Latvia | ၂၁.၂ |
| ၁၀။ | လစ်ဆိုသို (Lesotho) | ၂၁.၂ |
| ၁၁။ | ဘယ်လ်ဂျီယမ် (Belgium) | ၂၁.၂ |
| ၁၂။ | ဟန်ဂေရီ (Hungary) | ၁၉.၁ |
| ၁၃။ | ဆလိုဗေးနီယား (Slovenia) | ၁၈.၆ |
| ၁၄။ | ဂျပန် (Japan) | ၁၈.၅ |
| ၁၅။ | Uruguay | ၁၅[44] |

[43] Suicide Statistics, available from: https://www.befrienders.org/suicide-statistics (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)
[44] Suicide Rate By Country 2020, available from: https://worldpopulationreview.com/country-rankings/suicide-rate-by-country (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

## မြန်မာနိုင်ငံတွင် COVID-19 နှင့်ဆက်နွယ်သည့် သေကြောင်းကြံစည်မှုအခြေအနေ

၃၁။ မြန်မာနိုင်ငံတွင် Covid-19 ကပ်ရောဂါစတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့မှ ဇွန်လ ၂၂ ရက်နေ့အထိ သုံးလတာကာလအတွင်း မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့သည့် လူပေါင်း (၄၇၀) ဦးရှိသည့်အနက် အမျိုးသား (၃၈၂) ဦး၊ အမျိုးသမီး (၈၈) ဦးတို့သည် ကျူးလွန်ခဲ့ကြပါသည်။ သေကြောင်းကြံစည်မှုအရေအတွက်သည် မန္တလေးတိုင်းဒေသကြီး၌ အများဆုံးဖြစ်ပြီး ချင်းပြည်နယ်တွင် အနည်းဆုံးဖြစ်ပါသည်။ ကိုဗစ်ကာလအတွင်း သေကြောင်းကြံစည်းမှုအခြေအနေများကို အောက်ဖော်ပြပါဂရပ်တွင် တွေ့မြင်နိုင်ပါသည်-




အရင်းအမြစ်။ Assistance Association for Political Prisoners (AAPP)

၃၂။ မြန်မာနိုင်ငံတွင် ကိုဗစ်ကာလအတွင်း သေကြောင်းကြံစည်မှုဖြစ်ပွားရသည့် အခြေခံအကြောင်းတရားများမှာ စီးပွားရေးအဆင်မပြေမှု၊ လူမှုရေးအဆင်မပြေမှုနှင့် ကျန်းမာရေးစသည့် အရာများကြောင့်ဖြစ်ပါသည်။[45] ၎င်းအပြင် ကိုဗစ်ကာလအတွင်း စီးပွားရေးအဆင်မပြေမှုများကြောင့် စိတ်ဖိစီးမှုခံစားနေရခြင်း၊ စိတ်ကျရောဂါဖြစ်လာခြင်းနှင့်အတူ အရက်နှင့် မူးယစ်ဆေးဝါးကို ပိုမိုသုံးစွဲလာခြင်းကြောင့် စိတ်ကစဉ့်ကလျားဖြစ်ခြင်းစသည့်စိတ်ပိုင်းဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေပါသည်။

[45] Assistance Association for Political Prisoners, available from: https://tinyurl.com/yap77dzw ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်)

## မြန်မာနိုင်ငံတွင် မှုခင်းကျဆင်းရေးအတွက်ဆောင်ရွက်ချက်များနှင့် အခက်အခဲများ

၃၃။ မှုခင်းကျဆင်းရေးအတွက် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များကို အောက်ပါအတိုင်းတွေ့မြင်နိုင်ပါသည်–

(က) **နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်။** Covid–19 ကာလအတွင်း အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်တားဆီးရေးအတွက် အိမ်တွင်းအကြမ်းဖက်မှု အပါအဝင် အခြားသော အကြမ်းဖက်မှုများကို ၂၄ နာရီဆက်သွယ်တိုင်ကြားနိုင်သော ဖုန်းနံပါတ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာ ကုစားရေးအဖွဲ့များက ထုတ်ပြန်ကြေညာခဲ့ပါသည်။ အကြမ်းဖက်ခံရသော အမျိုးသမီးများကို နှစ်သိမ့် ဆွေးနွေးပေးသော ဝန်ဆောင်မှုများကို လူမှုကူညီရေးအဖွဲ့အစည်းများကလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။[46]ထို့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနှင့်လည်း ကပ်ရောဂါကာလအတွင်း မှုခင်းဖြစ်ပွားမှု အခြေအနေများကို ပြည်သူများထံသို့ သတိပေးနှိုးဆော်ချက်များမပြတ် ဆော်သြပေးလျက်ရှိပါသည်။[47] အချို့တိုင်းဒေသကြီးများရှိ ရဲတပ်ဖွဲ့ဝင်များအနေနှင့်လည်း နေ့စဉ်လူစည်ကားသည့် နေရာများ၌ ရပ်ကွင်းစစ်ဆေးခြင်း၊ မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို Covid–19 ကာလ အတွင်းတွင် ယခင်နှစ်များထက် ပိုမိုဆောင်ရွက်လျက်ရှိပါသည်။ လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် လုပ်ကြံသတင်းဖန်တီးသူများကိုလည်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါသည်။[48]

(ခ) **အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်မှု။** ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောဂါကာကွယ်ထိန်းချုပ်မှုများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကာလကို အခွင့်ကောင်းယူ၍ ဒုစရိုက်သမားများ၊ ဝိသမလောဘသားများသည် အချို့သောဒုစရိုက်မှုများကို ကျူးလွန်လာနိုင်ပါသည်။

[46] ကပ်ဘေးအတွင်းက အမျိုးသမီးတို့အရေး၊ available from: https://ispmyanmarspecialseries.com/alh03/ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်)

[47] ပြန်ကြားရေးဝန်ကြီးဌာန၊ available from: https://www.moi.gov.mm/?q=node/37113 ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်)

[48] Covid–19 ကာလအတွင်း နယ်မြေလုံခြုံရေးအတွက် ပူးပေါင်းအဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေ၊ available from: https://lotaya.mpt.com.mm/news/d/regional/109653 ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်)

ရာဇဝတ်မှုကျူးလွန်သူများသည် ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲ၍ ကျူးလွန်လာနိုင်သောကြောင့် International Criminal Police Organization သည် နိုင်ငံတကာရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ Covid 19 ကပ်ရောဂါဖြစ်ပွားစဉ် ကာလအတွင်း စောင့်ကြည့်မှုများ ပိုမိုပြုလုပ်လျက်ရှိပါသည်။ Interpol မှ မှုခင်းကာကွယ်တားဆီးရေးအတွက် တီထွင်ဆန်းသစ်သော နည်းပညာများ ဖော်ထုတ်ခြင်း၊ မောင်းသူမဲ့လေယာဉ်များ (Drone) အသုံးပြုခြင်း၊ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence) များ စသည်တို့ကို အသုံးပြုစုံစမ်းဖော်ထုတ်လျက်ရှိပါသည်။[49] MYPOL အနေနှင့်လည်း လက်ရှိတွင် ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ကူညီမှုများ ဆက်လက်လုပ်ဆောင်ပေးလျက်ရှိပါသည်။[50] International Alert အဖွဲ့က အမျိုးသမီးရေးရာ အဖွဲ့အစည်းများ၏ဝန်ဆောင်မှုများ၊ တိုင်ကြားရန် ဖုန်းနံပါတ်များစသည်ဖြင့် အိမ်တွင်းအကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို လူမှုမီဒီယာပေါ်တွင် အသိပေးထားပြီး လှုံ့ဆော်လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။[51] ထို့အပြင် အိမ်တွင်းအကြမ်းဖက်မှု ပြဿနာအား ငြိမ်းချမ်းရေးအတွက် ဖြေရှင်းရန် အမျိုးသမီးအဖွဲ့ (Women Federation for Peace-WFFP) သည် မိသားစုအတွင်း ပြန်လည်ရင်ကြားစေ့ရေး၊ ကြားဝင်ဖျန်ဖြေရေးစသည့် အငြင်းပွားမှုများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ဥပဒေနည်းလမ်းများနှင့် မဖြေရှင်းလိုသော အမျိုးသမီးများအား အခြားနည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းလိုသည့် ဆန္ဒများရှိလာစေရန် လုပ်ဆောင်ပေးလျက်ရှိပါသည်။[52]

---

[49] Preventing crime and protecting police: INTERPOL's COVID-19 global threat assessment, available from: https://www.interpol.int/News-and-Events/News/2020/Preventing-crime-and-protecting-police-INTERPOL-s-COVID-19-global-threat-assessment ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်)

[50] Mizzima Myanmar, MYPOL works with Myanmar police to address the challenges of COVID-19,available from: http://mizzima.com/article/mypol-works-myanmar-police-address-challenges-covid-19 ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၀ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်)

[51] Frontier Myanmar, ကိုဗစ်ကာလ အိမ်မှာနေခြင်းနဲ့ အိမ်တွင်းအကြမ်းဖက်မှု၊ available from: **https://tinyurl.com/y6qxwmus** ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၄ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်)

[52] Frontier Myanmar, ကိုဗစ်ကာလ အိမ်မှာနေခြင်းနဲ့ အိမ်တွင်းအကြမ်းဖက်မှု၊ available from: **https://tinyurl.com/y6qxwmus** ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၄ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်)

(င) **ရင်ဆိုင်နေရသည့်အခက်အခဲများ။** ကိုဗစ်–၁၉ ကပ်ရောဂါမပြန့်ပွားစေရန် မြို့နယ်လိုက် အိမ်တွင်းနေရန်အမိန့်(Semi–Lockdown)နှင့်ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများသည့် ဝင်ငွေနည်းအခြေခံလူတန်းစားများတွင် အိမ်တွင်းအကြမ်းဖက်မှုများ ပိုမိုဆိုးရွားလာခဲ့ပါသည်။ အမျိုးသမီးများအပါအဝင် ပြည်သူများအားလုံး အကူအညီရယူနိုင်ရန် ဖွင့်လှစ်ထားသော နေရာများ သတ်မှတ်ထားသော်လည်း သွားလာမှုကန့်သတ်မိန့်များကြောင့် အကူအညီတောင်းရန် အခက်အခဲများစွာ ရှိနေပါသည်။ ၎င်းအပြင် Semi–lockdown ကဲ့သို့ ဗိုင်းရပ်စ်ထိန်းချုပ်မှု အစီအမံများသည် အကြမ်းဖက်မှုပြဿနာများကို ကူညီဆောင်ရွက်ပေးသည့် ရုံးခန်းများအား ပိတ်ထားခြင်း၊ အိမ်မှ အလုပ်လုပ်ကြရခြင်း၊ အွန်လိုင်းမှတစ်ဆင့် ပြောင်းလဲလုပ်ဆောင်ခြင်းတို့ကြောင့် အမျိုးသမီးများအတွက် အကူအညီရနိုင်ရန် အခွင့်အလမ်းများ နည်းပါးသွားခဲ့ပါသည်။[53]

**လေ့လာတွေ့ရှိချက်များ**

၃၄။ အထက်ဖော်ပြပါ နိုင်ငံ (၆) နိုင်ငံကို လေ့လာကြည့်ပါက အောက်ပါနမူနာယူဖွယ် အချက်များကို တွေ့ရှိရပါသည်–

(က) Covid အကြပ်အတည်းကာလအတွင်း မှုခင်းဖြစ်ပွားမှုများကို အခြေအနေနှင့် တပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်စေရန် လေ့ကျင့်သင်ကြားပေးမှုအစီအစဉ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊

(ခ) Hotline ဖုန်းနံပါတ်များဖွင့်လှစ်၍ ၎င်းဖုန်းနံပါတ်များအား အများပြည်သူ အလွယ်တကူသိရှိနိုင်စေရန် ဒေသခံတာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေရန် ဆောင်ရွက်ခြင်း၊

(ဂ) ကပ်ရောဂါကာလအတွင်း မြင့်တက်လာသော အိမ်တွင်းအကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းနိုင်ရန် အရပ်ဘက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အမျိုးသမီး

[53] Frontier Myanmar, ကိုဗစ်ကာလ အိမ်မှာနေခြင်းနဲ့ အိမ်တွင်းအကြမ်းဖက်မှု၊ available from: **https://tinyurl.com/y6qxwmus** ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၄ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်)

များထံသို့ ဖုန်းခေါ်ဆိုပြီး ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုမှု နည်းလမ်းကောင်းများဖြင့် ဆောင်ရွက်လျက်ရှိခြင်း၊

(ဃ) မှုခင်းများ ထပ်မံကျူးလွန်မှု မရှိစေရန် အာဏာပိုင်များသည် အွန်လိုင်းမှတစ်ဆင့် လမ်းညွှန်ကြီးကြပ်မှုများ မပြတ်ဆောင်ရွက်လျက်ရှိခြင်း၊

(င) မှုခင်းဖြစ်ပွားမှု အများဆုံးနေရာများနှင့် လူထူထပ်သောနေရာများတွင် တာဝန်ထမ်းဆောင်နိုင်ရန် ရဲအရာရှိများ ပိုမိုခန့်အပ်ထားရှိခြင်း၊

(စ) ကိုဗစ်ကာလအတွင်း မှုခင်းဖြစ်ပွားမှုများပြားလာသောကြောင့် Call Center များ တိုးချဲ့ဖွင့်လှစ်ထားရှိခြင်းတို့ဖြစ်ပါသည်။

**နိဂုံး**

၃၅။ Covid-19 ကာလအတွင်း အသွားအလာကန့်သတ်မှုများ၊ ညမထွက်ရအမိန့်များ ထုတ်ပြန်ထားပြီး ဒေသဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများက အမြဲမပြတ် ကင်းလှည့်လည်မှုများကြောင့် ဒုစရိုက်မှုများ လျော့နည်းသွားသည်ဟုဆိုနိုင်သော်လည်း သေကြောင်းကြံစည်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှုများမှာ ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လာမှုကြောင့် ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်မှုနည်းပါးသွားသည်နှင့်အမျှ ၎င်းတို့၏ ဒုစရိုက်ကျူးလွန်မှုပုံစံများ မည်သို့ပြောင်းလဲလာမည်ကို သတိပြုရမည်ဖြစ်ပါသည်။ ကိုဗစ်ကြောင့် လူမှုနေအိမ်ကျော်နင်းမှု၊ ခိုးယူမှု၊ လုယက်မှု၊ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုများကို နည်းမျိုးစုံ အသွင်ပြောင်း၍ ကျူးလွန်လာနိုင်ခြေရှိသည်ကို စဉ်ဆက်မပြတ်သတိရှိကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်အကယ်ဒမီလင်း (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်မှ ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅